တောက်လောင်နေသော အမုန်းစကားများ

မြန်မာနိုင်ငံရှိ အမုန်းစကားများကို လေ့လာခြင်း

(အစီရင်ခံစာ အနှစ်ချုပ်)

တောက်လောင်နေသော အမှုန်းစကားများ

မြန်မာနိုင်ငံရှိ အမှုန်းစကားများကို လေ့လာခြင်း

(အစီရင်ခံစာ အနှစ်ချုပ်)

အောက်တိုဘာလ ၂၀၂၀

မိမိတို့အကြောင်း

ယခုစာတမ်းတိုသည် "**တောက်လောင်နေသော အမုန်းစကားများ – မြန်မာနိုင်ငံရှိ အမုန်းစကားများကို လေ့လာခြင်း**" ဟု အမည်ရှိသော အစီရင်ခံစာ၏ အဓိက အချက်အလက်များကို ကောက်နုတ်တင်ပြထားသည့် အစီရင်ခံစာအနှစ်ချုပ် ဖြစ်ပါသည်။ ဤအစီရင်ခံစာကို အမုန်းစကားများ လျော့နည်းပပျောက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်နေသော နှင့်/သို့မဟုတ် အမုန်းစကားများ၏ တိုက်ရိုက်သက်ရောက်မှုဒဏ်ခံနေရသော အရပ်ဘက်လူထုအဖွဲ့အစည်းများမှ ပူးပေါင်းတင်ပြထားသော အချက်အလက်များ၊ အတွေ့အကြုံများ၊ စောင့်ကြည့်လေ့လာထားမှုများနှင့် သုံးသပ်ချက်များအပေါ်အခြေခံ၍ ရေးသားထားခြင်း ဖြစ်ပါသည်။ အစီရင်ခံစာအတွက် လိုအပ်သော သုတေသနကို မြန်မာ့အရေးလေ့လာသူများအဖွဲ့ (BM) နှင့် ရှေ့ပြေးအသံအဖွဲ့ (PV) တို့မှ ဆက်စပ်ညှိနှိုင်း ဆောင်ရွက်ထားပြီး International Human Rights Clinic (IHRC) at Harvard Law School မှ ကူညီရေးသားထားကာ အဖွဲ့အစည်း စုစုပေါင်း (၁၉) ဖွဲ့တို့မှ ပူးတွဲထုတ်ဝေထားပါသည်။

ပူးတွဲထုတ်ဝေသည့်အဖွဲ့အစည်းများ

၁။ ကချင်အမျိုးသမီးများအစည်းအရုံး - ထိုင်းနိုင်ငံ
၂။ ကရင်လူအခွင့်အရေးအဖွဲ့
၃။ တအာင်းအမျိုးသမီးအဖွဲ့အစည်း
၄။ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားဆောင်ရွက်မှုကော်မတီ
၅။ ပုံရိပ်
၆။ မန္တလေးလူထုနေရာ
၇။ မျိုးဆက်လှိုင်း
၈။ မြန်မာ့ယဉ်ကျေးမှုသုတေသနအသင်း
၉။ မြန်မာ့အရေးလေ့လာသူများအဖွဲ့ (သုတေသနနှင့် လေ့လာစောင့်ကြည့်ရေး)
၁၀။ ရှေ့ပြေးအသံအဖွဲ့
၁၁။ သင့်မြတ်လိုသူများ ငြိမ်းချမ်းရေးပရဟိတအဖွဲ့
၁၂။ သင့်မြတ်သူများ၏ ငြိမ်းချမ်းရေးလမ်းစဉ်အဖွဲ့
၁၃။ အသံ (လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်လှုပ်ရှားမှုအဖွဲ့)
၁၄။ International Human Rights Clinic at Harvard Law School
၁၅။ Myanmar People Alliance (Shan State)
၁၆။ Nyan Lynn Thit Analytica
၁၇။ Olive Organization
၁၈။ Reliable Organization
၁၉။ Synergy - လူမှုသဟဇာတဖော်ဆောင်ရေးအဖွဲ့

ဆက်သွယ်ရန်

Progressive Voice

info@progressive-voice.org
www.progressivevoicemyanmar.org

Burma Monitor

bcmg.burma.org@gmail.com

International Human Rights Clinic at Harvard Law School

hrp@law.harvard.edu
https://hrp.law.harvard.edu

အမုန်းစကားများ ဆိုသည်မှာ
လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်စုတစ်ဖွဲ့ကို ဦးတည်၍
၎င်းတို့၏ လူမျိုး၊ တိုင်းရင်းသား၊ နိုင်ငံဇစ်မြစ်၊ ဘာသာရေး
သို့မဟုတ် နိုင်ငံရေး ဆက်နွယ်မှု၊ လိင်စိတ်ခံယူမှု၊ ဇာတ်၊
လိင်ဖြစ်တည်မှု၊ ကျား – မ ဖြစ်မှု၊ ကျား – မ အဖြစ်လက်ခံမှု
သို့မဟုတ် မသန်စွမ်းမှု စသည်တို့ အပေါ် အခြေခံ၍
ရန်လိုသော သို့မဟုတ် လူအဖြစ်မှ နှိမ့်ချသော
စကားများဖြင့် ၎င်းတို့ကို ဖယ်ထုတ်စေရန်
သို့မဟုတ် သီးခြားခွဲထုတ်စေရန်အတွက်
အကြမ်းဖက်မှုများနှင့် ခွဲခြားဆက်ဆံမှုများ ဖြစ်ပေါ်စေရန်
သွေးထိုးလှုံ့ဆော်သော စကားများ ဖြစ်သည်။

ဤအဓိပ္ပါယ်ဖွင့်ဆိုချက်သည် ၂၀၁၉ ခုနှစ် ဇန္နဝါရီလတွင် ပြုလုပ်ခဲ့သည့် ညှိနှိုင်းဆွေးနွေးပွဲ၌ မြန်မာ အရပ်ဘက်လူထု အဖွဲ့အစည်းပေါင်း (၂၂) ဖွဲ့မှ ၎င်းတို့၏ မတူကွဲပြားသော အတွေ့အကြုံများ၊ အသိပညာဗဟုသုတများ၊ တွေ့ရှိချက်များနှင့် သုံးသပ်ချက်များအပေါ် အခြေခံ၍ ဖွင့်ဆိုထားပြီး ၎င်းတို့အားလုံးမှ သဘောတူခဲ့သော အဓိပ္ပါယ်ဖွင့်ဆိုချက် ဖြစ်ပါသည်။

အစီရင်ခံစာအနှစ်ချုပ်

၂၀၁၅ ခုနှစ်ရွေးကောက်ပွဲသည် ရာစုနှစ် တစ်ဝက်အတွင်း မြန်မာနိုင်ငံတွင် ပထမဆုံး အရပ်သားဦးဆောင်သော အစိုးရ ပေါ်ထွန်းစေခဲ့သောကြောင့် သမိုင်းဝင်ခဲ့သည်ဟု ဆိုရပေမည်။ သို့ရာတွင် ထိုသမိုင်းဝင်မှုသည် ဒီမိုကရေစီ၊ လူအခွင့်အရေးနှင့် အားလုံးအတွက် အခြေခံ လွတ်လပ်ခွင့်များရှိသည့် ခေတ်သစ်တစ်ခု ဖော်ဆောင်ခြင်းကို တွေ့မြင်ရမည့်အစား မြန်မာနိုင်ငံအတွင်း ဆယ်စုနှစ်ပေါင်းများစွာ ဖိနှိပ်သော စစ်တပ်အုပ်ချုပ်ရေး၏ အမှတ်လက္ခဏာကို ညွှန်းပြနေသည့် အမုန်းစကားများ၊ အစွန်းရောက် အမျိုးသားရေးဝါဒ၊ ကြီးမားကျယ်ပြန့်သော လူအခွင့်အရေး ချိုးဖောက်မှုများနှင့် အရှိန်မြင့်လာနေသော ပဋိပက္ခများကိုသာ တွေ့မြင်နေရသည်။ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ၂၀၁၇ ခုနှစ် စစ်ဆင်ရေးများမှသည် ချင်း၊ ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များရှိ ဆက်လက် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများအတွင်း အရပ်သားပြည်သူများ၊ အထူးသဖြင့် လူနည်းစု တိုင်းရင်းသားနှင့် ဘာသာရေးအသိုင်းအဝိုင်းများသည် မြန်မာစစ်တပ် (*တပ်မတော်*) က ကျူးလွန်သည့် ဆိုးရွားလှသော လူအခွင့်အရေးချိုးဖောက်မှုများနှင့် နိုင်ငံတော် ဖိနှိပ်မှုဒဏ်များကိုပါ ဆက်လက်ခံစားနေကြရသည်။

ယနေ့ မြန်မာနိုင်ငံ၏ လူအခွင့်အရေး မှတ်တမ်းသည် စိတ်ပျက်ဖွယ် အခြေအနေတွင် ဆက်ရှိနေပြီး အထူးသဖြင့် ရိုဟင်ဂျာများအပါအဝင် လူမျိုးစုနှင့် ဘာသာရေး လူနည်းစု အသိုင်းအဝိုင်းများအပေါ် ကျူးလွန်ထားသော ချိုးဖောက်မှုများကြောင့် မြန်မာနိုင်ငံသည် ကမ္ဘာတစ်ဝှမ်း၏ ဝေဖန်ရှုတ်ချမှုကို ခံနေရပြီး အပြည်ပြည်ဆိုင်ရာ တရားရုံး (International Court of Justice – ICJ) နှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (International Criminal Court – ICC) တို့ အပါအဝင် လူအခွင့်အရေး ချိုးဖောက်မှုများအတွက် တာဝန်ယူမှုတာဝန်ခံမှုရှိလာစေရန် နိုင်ငံတကာ၏ကြိုးပမ်းမှုများကိုလည်းဖြစ်ပေါ်လာစေခဲ့သည်။ *တပ်မတော်* ၏ အလွန်အမင်း ရက်စက်သော လူအခွင့်အရေးချိုးဖောက်မှုများအတွက် ကျူးလွန်သူများသည် အပြစ်ပေး အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရနေမှုကို အဆုံးသတ်စေရေး ဦးတည်သည့် ထို နိုင်ငံတကာကြိုးပမ်းမှုများနှင့် သက်ဆိုင်သည့် ဖြစ်ပေါ်တိုးတက်မှုများသည် ဒီမိုကရေစီနှင့် လူအခွင့်အရေးအတွက် ကာလရှည်ကြာစွာ ရုန်းကန်နေခဲ့ရသည့် နိုင်ငံအတွက် ကြိုဆိုရမည့် သတင်းကောင်းများ ဖြစ်ခဲ့သင့်သည်။ သို့သော်လည်း ထိုတိုးတက်မှုများအပေါ် မြန်မာနိုင်ငံ၏ တုံ့ပြန်မှုမှာ ငြင်းပယ်ခြင်းနှင့် ပယ်ချခြင်းများသာ ဖြစ်ခဲ့သည်။ ထို့အပြင် ထိုအချက်က အရပ်သား အစိုးရနှင့် *တပ်မတော်* တို့ကို ယခင်ကထက် ပိုမို၍ နီးစပ်သွားစေသည်။

ဤအစီရင်ခံစာတွင် ဖိနှိပ်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ပြန်လည်နိုးထလာခြင်းနှင့် မြန်မာနိုင်ငံတွင် အစိုးရနှင့် စစ်တပ်တို့၏ ပေါင်းစည်းမှုအသစ်တွင် အမုန်းစကားများ၊ ပိုမို တိုးများလာနေသည့် သတင်းအမှား ဖြန့်ချိမှု လုပ်ဆောင်ချက်များနှင့် အစွန်းရောက် အမျိုးသားရေးဝါဒတို့၏ အခန်းကဏ္ဍကို ဆန်းစစ်သုံးသပ်ထားသည်။ မြန်မာနိုင်ငံရှိ အမုန်းစကားများ၏ လမ်းကြောင်းနှင့် ပုံစံများကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်ရာတွင် ဤအစီရင်ခံစာသည် နိုင်ငံအတွင်း လူမျိုးစုနှင့် ဘာသာရေး လူနည်းစုများအား ထိခိုက်ခံစားရစေသည့် ဗုဒ္ဓဘာသာ-ဗမာလူမျိုးတို့၏ လွှမ်းမိုးစေရေး ရည်ရွယ်သော အပြန်အလှန် ကျားကန်ပေးထားသည့် ဇာတ်ကြောင်းဖန်တီးမှု အများအပြားကို ဖော်ထုတ်ထားသည်။ ဤအစီရင်ခံစာတွင် အစွန်းရောက် အမျိုးသားရေးအုပ်စုများ၊ ရေပေါ်ဆီအလွှာ၏ နိုင်ငံရေးနှင့် စီးပွားရေး အကျိုးအမြတ်များနှင့် ဆင်းရဲမွဲတေမှု၊ ပညာရေးနှင့် သမိုင်းကြောင်းဆိုင်ရာ ကွဲပြားမှုများ စသည့်လူမှုစီးပွားရေး အကြောင်းရင်းခံများအပါအဝင် အမုန်းစကားများကို ဖြစ်ပွားစေသော အဓိကတွန်းအားအများအပြားကိုလည်းစုစည်းတင်ပြထားသည်။ ထိုသို့ စုစည်းတင်ပြရာတွင် အဓိကကျသော တွန်းအားများသည် အမုန်းစကားများ၏ အရင်းအမြစ်များ ဖြစ်နေသည်သာမက စနစ်တကျ တည်ဆောက်ထားသော ခွဲခြားဆက်ဆံမှု၊ အမုန်းတရား ဇာတ်ကြောင်းများနှင့် မည်သို့ ခိုင်မာစွာ ချိတ်ဆက်ပုံနှံ့နေသည်ကို ရှင်းပြထားသည်။ ထို့အပြင် အမုန်းစကားများကို ဖြန့်ဝေရန် အွန်လိုင်း (online) နှင့် အော့ဖ်လိုင်း (offline) လမ်းကြောင်းများ မည်သို့ အသုံးပြုထားသည်ကိုလည်း စောင့်ကြည့် လေ့လာထားသည်။

ဤအစီရင်ခံစာသည် ကျယ်ပြန့်ပြီး ပြဿနာဖြစ်စေသော အမုန်းစကား၏ သက်ရောက်မှုများအဖြစ် ယုံကြည်မှုကင်းမဲ့စေခြင်း၊ စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာရစေခြင်းနှင့် အကြမ်းဖက်ခံရခြင်း၊ အမုန်းတရားကို ရင်ဆိုင်ရာတွင် အလွန်အရေးပါသော အရပ်ဘက်လူထု အဖွဲ့အစည်း (Civil Society Organization – CSO) များကို ပစ်မှတ်ဖြစ်စေရန် တဖြည်းဖြည်း စုပေါင်းလာခြင်းနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် တိုက်ခိုက်ခြင်းတို့ကို မီးမောင်းထိုးပြထားသည်။ ထို့အပြင် ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံရှိ လူမျိုးစုများနှင့် ဘာသာရေး လူနည်းစုများအပေါ် အမုန်းစကားနှင့် ခွဲခြားဆက်ဆံမှုများကြောင့် ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုများကို ဖော်ပြခဲ့ပြီး တစ်ချိန်တည်းတွင် ရိုဟင်ဂျာ ပဋိပက္ခနှင့် ၎င်း၏ နောက်ဆက်တွဲ ပြဿနာများအဖြစ် အကြမ်းဖက်မှုများ၏ ပစ်မှတ်ဖြစ်လာခြင်းနှင့် အစွန်းရောက် အမျိုးသားရေးဝါဒီများ၏ ဦးတည်ပစ်မှတ်ဖြစ်လာသည့် ရိုဟင်ဂျာနှင့် မွတ်စလင်မ်များအပေါ် စိုးရိမ်ဖွယ် အကျိုးသက်ရောက်မှုများ ရှိလာကြောင်းကိုလည်း မီးမောင်းထိုးပြထားသည်။ နောက်ဆုံးတွင် ဤအစီရင်ခံစာ၌ မြန်မာနိုင်ငံသည် အမုန်းစကားနှင့်ပတ်သက်၍လူ့အခွင့်အရေးစံချိန်စံညွှန်းများနှင့် ကိုက်ညီခြင်းရှိ၊မရှိကို သုံးသပ်ထားပြီး မြန်မာနိုင်ငံအနေဖြင့် လိုက်နာလုပ်ဆောင်ရန် ပျက်ကွက်နေခဲ့ကြောင်း မှတ်ချက်နှင့်အတူ အဆုံးသတ်ထားသည်။

ဤအစီရင်ခံစာ၏ တွေ့ရှိချက် အများအပြားမှာ မြန်မာ့အရေးလေ့လာသူများအဖွဲ့ - သုတေသနနှင့် စောင့်ကြည့်လေ့လာရေး (Burma Monitor – Research and Monitoring) နှင့် ရှေ့ပြေးအသံအဖွဲ့ (Progressive Voice) တို့ အပါအဝင် CSO (၂၂) ဖွဲ့တို့မှ အမုန်းစကားနှင့် ပတ်သက်သည့် ၎င်းတို့၏ အမြင်များနှင့် အတွေ့အကြုံများကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်မှုများမှ ပေါ်ထွက်လာသော အချက်အလက်များ ဖြစ်သည်။ Harvard Law School ၏ International Human Rights Clinic (IHRC) က အစီရင်ခံစာ ရေးသားရာတွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့် ဒီဇင်ဘာလများတွင် ကျင်းပခဲ့သော ရက်ရှည်ဆွေးနွေးပွဲ နှစ်ကြိမ်နှင့် တစ်နှစ်ကျော်ကြာကာလအတွင်း ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှု (interview) များမှတစ်ဆင့် ရရှိလာသော ဒေသခံ CSO များ၏ အသိပညာဗဟုသုတ၊ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုတို့အပေါ် အခြေခံ၍ယခု အစီရင်ခံစာကို IHRC မှ ပံ့ပိုးရေးသားတင်ပြထားပါသည်။ IHRC သည် မြန်မာ CSO များမှ လူပုဂ္ဂိုလ်ပေါင်း (၃၅) ဦးကျော်နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံရှိ အမုန်းစကားများနှင့် ပတ်သက်သော အသေးစိတ်ဆွေးနွေးမှုများကို လုပ်ဆောင်ခဲ့ကြသည်။ CSO အများအပြားမှာ ၎င်းတို့၏အလုပ် နှင့်/သို့မဟုတ် ၎င်းတို့၏ လူမျိုးစုနှင့်ဘာသာရေး လူနည်းစု သွင်ပြင်လက္ခဏာများကြောင့် အမျိုးသားရေး အစွန်းရောက်အုပ်စုများ၏ ပစ်မှတ်ထား ခံရသည့် အန္တရာယ်များနှင့် ကြုံတွေ့နေရဆဲဖြစ်သည်။

အန္တရာယ်များရှိသည့် အခြေအနေကြားမှာပင် CSO များသည် မြန်မာနိုင်ငံရှိ အမုန်းစကား သမိုင်းကြောင်းနှင့်ပတ်သက်၍ ၎င်းတို့၏ အတွေ့အကြုံများနှင့် အမြင်များ၊ လက်ရှိ အမုန်းတရားဖြစ်ပွားမှုဖြစ်စဉ်များ၊ ၎င်းတို့ လေ့လာတွေ့ရှိသည့် တွန်းအားများ၊ ၎င်းတို့ကိုယ်တိုင်နှင့် ၎င်းတို့၏ အသိုင်းအဝိုင်းများတွင် ကြုံတွေ့ရသော သက်ရောက်မှုများကို ဝေမျှရန် လိုအပ်နေသည်ဟု ခံစားကြရသည်။ အမှန်စင်စစ်အားဖြင့် မြန်မာနိုင်ငံရှိ စိုးရိမ်ဖွယ် လူ့အခွင့်အရေး အခြေအနေများ တိုးတက်ကောင်းမွန်လာစေရန် လုပ်ကိုင်ဆောင်ရွက်နေကြသည့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ (Human Rights Defenders - HRDs)၊ တက်ကြွလှုပ်ရှားသူများနှင့် CSO များအနေဖြင့် အမုန်းတရားနှင့် ယင်း၏ သက်ရောက်မှုများကို တိုက်ဖျက်ရန် ရှေ့တန်းတွင် ကြိုးပမ်းအားထုတ်နေကြသူများ ဖြစ်သည်။

အမုန်းတရားဖြစ်စဉ်များ

ဤအစီရင်ခံစာတွင် အမုန်းတရားနှင့်ပတ်သက်၍ ဖန်တီးထားသော ဇာတ်ကြောင်း (၆) ခုကို ဖော်ထုတ်ထားသည်။ ယင်း (၆) ခုစလုံးသည် အပြန်အလှန် ဆက်နွယ်လျက်ရှိပြီး ဗုဒ္ဓဘာသာ - ဗမာလူမျိုးများ လွှမ်းမိုးမှုကို ခိုင်မာစေသော ဇာတ်ကြောင်းများအဖြစ် ကျားကန်ပေးထားသည်။ ယင်းစပ်ဆက်နေသော ဇာတ်ကြောင်း (၆) ခုမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ လူနည်းစု လူမျိုးစုများနှင့် ဗုဒ္ဓဘာသာ မဟုတ်သော အခြားဘာသာဝင်များ နှစ်မျိုးစလုံးသည် လူမျိုး၊ ဘာသာရေးနှင့် နိုင်ငံအပေါ် ခြိမ်းခြောက်နေသည်၊

၂။ အစွန်လာမ်သည် "အကြမ်းဖက်သော" နိုင်ငံရပ်ခြားတွင် ကိုးကွယ်သည့်ဘာသာဖြစ်ပြီး မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာထက် သာလွန်စေရန် ကြိုးပမ်းနေသဖြင့် မဖြစ်မနေ ဖြစ်လာမည့် ခြိမ်းခြောက်မှုတစ်ခု ဖြစ်သည်၊

၃။ အမျိုးသမီးများနှင့် ၎င်းတို့၏ ကလေးများအား အစွန်လာမ်ဘာသာသို့ ကူးပြောင်းဝင်ရောက်စေရန် ကြိုးပမ်းနေသည့် မွတ်စလင်မ်အမျိုးသားများ၏ ပြင်းထန်သော တိုက်ခိုက်ဆောင်ရွက်မှုများနှင့် ကြုံတွေ့ရနိုင်ခြေအန္တရာယ် ရှိနေသဖြင့် ဗုဒ္ဓဘာသာ အမျိုးသမီးများကို အကာအကွယ်ပေးရန် လိုအပ်သည်၊

၄။ ထိခြိမ်းခြောက်မှုများကို ဆန့်ကျင်ရန် စစ်တပ်အင်အားသည် နိုင်ငံ၏ နယ်နိမိတ်များနှင့် စည်းလုံးညီညွတ်မှု ဆက်လက်တည်ရှိနေရေးကို ကာကွယ်ပေးရန်အတွက် မရှိမဖြစ် လိုအပ်သည်၊

၅။ ဘက်လိုက်မှုရှိပြီး သတင်းမှားများ ရရှိထားသော နိုင်ငံတကာ အသိုင်းအဝိုင်းသည် မြန်မာနိုင်ငံကို ပစ်မှတ်ထားပြီး နိုင်ငံ၏ အချုပ်အခြာ အာဏာကို ဝင်ရောက်စွက်ဖက်နေသည်၊ နှင့်

၆။ အထက်ဖော်ပြပါ ဖြစ်စဉ်များအပေါ် မေးခွန်းထုတ်သော သို့မဟုတ် ဆန့်ကျင်တုံ့ပြန်သော HRD များ၊ တက်ကြွလှုပ်ရှားသူများနှင့် CSO များသည် "အမျိုးသားသစ္စာဖောက်များ" ဖြစ်ပြီး နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် လုံခြုံရေးအတွက် အန္တရာယ်ရှိသော ပြည်ပလက်ဝေခံများ ဖြစ်ကြသည် ဟူ၍ ဖြစ်သည်။

အဓိကတွန်းအားများ

မြန်မာနိုင်ငံရှိ အမုန်းစကားများသည် ပုဂ္ဂိုလ်ရေး တစ်ယူသန်မှုနှင့် သည်းမခံနိုင်မှုများမှ ပေါက်ဖွားလာခြင်း မဟုတ်သကဲ့သို့ ရှေ့ပိုင်းတွင် ဖော်ပြထားသော ဖြစ်စဉ်များသည် အကြောင်းမဲ့သက်သက် ဖန်တီးထားခြင်းမျိုးလည်း မဟုတ်ပါ။ ထိုအမုန်းစကားများကို အမုန်းစကားများဆိုင်ရာ ဖန်တီးထားသော ဇာတ်ကြောင်းများနှင့် အကျိုးဆက်အားဖြင့် လူအဖွဲ့အစည်းအတွင်း ပဋိပက္ခဖြစ်ပွားခြင်းနှင့် တကွဲတပြားဖြစ်ခြင်းတို့ကြောင့် အကျိုးအမြတ်ရရှိနေသည့် အခွင့်အာဏာရှိသူများက စနစ်တကျဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိနေခြင်းဖြစ်သည်။ CSO များသည် မြန်မာနိုင်ငံရှိ အစွန်းရောက် အမျိုးသားရေးဝါဒီအုပ်စုများအပြင် အမုန်းစကား၏ အဓိကတွန်းအားများကိုလည်း ဖော်ထုတ်ပေးထားသည်။ အဆိုပါ အဓိကတွန်းအားများထဲတွင် မြန်မာစစ်တပ်၊ နိုင်ငံရေးခေါင်းဆောင်များ၊ အကျိုးစီးပွားအတွက်သာ ကြည့်သော စီးပွားရေးများနှင့် ဘာသာရေးခေါင်းဆောင်များ ပါဝင်သည်။ ရိုဟင်ဂျာအကျပ်အတည်းက နိုင်ငံတကာတွင် မြန်မာစစ်တပ်၏ ဂုဏ်သတင်းကို ဆုတ်ယုတ်စေသော်လည်း ပြည်တွင်းတွင်မူ ပြောင်းပြန်သက်ရောက်မှု ရှိနေပြီး မြန်မာစစ်တပ်၏ တရားဝင်မှုကို ခိုင်မာစေသည့်အပြင် အတိတ်ကာလက စစ်အာဏာရှင်များကို ပြောင်မြောက်စွာ ဆန့်ကျင် တိုက်ပွဲဝင်ခဲ့သော ပြည်သူများထံသို့ပင်လျှင် စစ်တပ်၏ အမျိုးသားရေး သတင်းစကားများ ရောက်ရှိလာခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ အရပ်သားအစိုးရသည် အမုန်းစကားများ တိုးမြင့်ပြန့်ပွားလာမှုကို ထိရောက်စွာ ဖြေရှင်းနိုင်ခဲ့ခြင်း မရှိခဲ့ပေ။ အစွန်းရောက် အမျိုးသားရေးအုပ်စုများကို လုံလောက်သော အရေးယူမှုများ လုပ်ဆောင်ရန် ပျက်ကွက်ခဲ့ပြီး ယင်းအစား ၎င်းတို့ကိုယ်တိုင်ပင် မြန်မာစစ်တပ်နှင့် နိုင်ငံရေးဖိအားများကို အလျော့ပေးပြီး မွတ်စလင်မ် အသိုင်းအဝိုင်းနှင့် ခပ်ခွာခွာ နေနေခဲ့သည်။ CSO များမှ အဖွဲ့ဝင် အများအပြားက ယင်းကဲ့သို့သော အစိုးရ၏ ပျက်ကွက်မှုများသည် အမုန်းစကားများကို ခွင့်ပြုထားခြင်းဖြစ်သည်ဟု နားလည်သဘောပေါက်ကြပြီး ပိုဆိုးစေသည့်အချက်မှာ ရံဖန်ရံခါတွင် မြန်မာအစိုးရကိုယ်တိုင်က အမျိုးသားရေး ဘက်လိုက်မှုများ ဖော်ပြနေခြင်းပင် ဖြစ်သည်။ သမ္မတနှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးများ အပါအဝင် များစွာသော အစိုးရဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာများ၏ ထုတ်ပြန်ကြေညာချက်များသည် ရိုဟင်ဂျာအသိုင်းအဝိုင်းအပေါ်တွင် အစိုးရအရာရှိများ၏ ရပ်တည်ချက်နှင့် ခွဲခြားဆက်ဆံလိုသော သဘောထားများ နက်ရှိုင်းစွာရှိနေသည်ကို နမူနာအဖြစ် မီးမောင်းထိုး ဖော်ပြနေသည်။

ဖြန့်ဝေမှုလမ်းကြောင်းများနှင့် ပုံစံများ

အင်တာနက်မှတစ်ဆင့် ဆက်သွယ်နိုင်မှု အလျင်အမြန် တိုးမြင့်လာသည်နှင့်အမျှ အမုန်းစကား ဖြန့်ချိသူများသည်လည်း အွန်လိုင်းလမ်းကြောင်းများသို့ ပြောင်းရွှေ့မှု တိုးမြင့်လုပ်ဆောင်လာကြပြီး ၎င်းတို့၏ သတင်းစကားများကို ဖြန့်ချိကြသည်။ ယင်းကဲ့သို့ ဖြန့်ချိရာတွင် နိုင်ငံရှိပင်မလူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်သော Facebook သည် သိသာထင်ရှားသော အခန်းကဏ္ဍတွင် ပါဝင်နေသည်။ မြန်မာနိုင်ငံမှ လူထုအများအပြားသည် ဒစ်ဂျစ်တယ်နှင့် လူမှုကွန်ရက်မီဒီယာကို အကန့်အသတ်ဖြင့်သာ သိရှိ နားလည်ထားခြင်း၊ ကုန်ကျစရိတ်သက်သာ၍ သုံးစွဲရ လွယ်ကူခြင်းအပြင် အစိုးရအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံရှိ မီဒီယာများက ၎င်းတို့၏ အဓိက လူထုဆက်သွယ်ရေးလမ်းကြောင်းအဖြစ် အသုံးပြုခြင်းများကြောင့် Facebook တွင် ပျံ့နှံ့နေသော သတင်းအချက်အလက်များကို မြန်မာနိုင်ငံမှ ပြည်သူအများအပြားက အမှန်ဟု လက်ခံယုံကြည်ကြသည်။ ထို့အပြင် Facebook သုံးစွဲသူများသည် အမည်ရင်း ဖော်ပြစရာမလိုဘဲ သုံးစွဲနိုင်မှု၊ ထိုသုံးစွဲသူများမှ တင်လာသော အကြောင်းအရာများကို Facebook မှ အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ဖယ်ရှားမှုများ လုပ်ဆောင်ရန် အခက်အခဲရှိမှု၊ တစ်ဖက်တွင်လည်း သုံးစွဲသူ အလွန်အမင်းများပြားသည့် Facebook ၏ အနေအထားတို့ကြောင့် အမုန်းစကားများ ဖြန့်ဝေရန်အတွက် အားကောင်းသော နေရာတစ်ခု ဖြစ်လာခဲ့သည်။

CSO များ၏ တစိုက်မတ်မတ် စောင့်ကြည့်လေ့လာမှုနှင့် Facebook မှ ကုစားမှု လုပ်ဆောင်ချက်များကြားမှာပင် Facebook ပေါ်တွင်ရှိသော အမုန်းစကားများကို စောင့်ကြည်လေ့လာရန်နှင့် ရပ်တန့်စေရန် သိသာထင်ရှားသော စိန်ခေါ်မှုများ ရှိနေဆဲဖြစ်သည်။ တချို့သော ပို့စ် (post) များ၊ အကောင့် (account) များ သို့မဟုတ် ပေ့ချ် (page) များကို ဖယ်ရှားပစ်လိုက်သော်လည်း ထိုတင်ပြီးသော အမုန်းစကားအကြောင်းအရာများ ထပ်မံ မပျံ့နှံ့စေရေးကို သေချာပေါက် တားဆီးနိုင်မှု မရှိခြင်းသည်မှာလည်း အဓိကစိန်ခေါ်ချက် တစ်ရပ်ဖြစ်သည်။ ဒုတိယစိန်ခေါ်မှုမှာ ကုဒ်များနှင့် ဖော်ပြထားသော စာသားများအကြား နည်းပညာဆိုင်ရာ ကွာခြားချက်များဖြစ်ပြီး အကြောင်းအရာ စိစစ်ရှာဖွေရာတွင် ပိုမိုခက်ခဲစေသည်။ တတိယစိန်ခေါ်မှုမှာ Facebook မှ အကြောင်းအရာ ထိန်းကွပ်သူ (content moderator) များကို ရွေးချယ်ရာတွင် ထိုထိန်းကွပ်သူသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေကို အပြည့်အဝနားလည်ပြီး ပုဂ္ဂိုလ်ရေး ဘက်လိုက်မှုများနှင့် အစွဲများ ကင်းရှင်းသောသူဖြစ်ရေးကို သေချာစွာ လုပ်ဆောင်ရန် ဖြစ်သည်။ နောက်ဆုံးစိန်ခေါ်မှုမှာ မတူညီသည့် အွန်လိုင်းလမ်းကြောင်းများ သုံးစွဲမှု မြင့်တက်လာခြင်းကြောင့် စောင့်ကြည့်လေ့လာရေး ပိုမိုခက်ခဲစေပါသည်။

မြန်မာနိုင်ငံရှိ အမုန်းစကားများသည် အွန်လိုင်းနယ်ပယ်တစ်ခုတည်းတွင်သာ ပျံ့နှံ့နေခြင်း မဟုတ်ပါ။ အမုန်းစကားများကို အွန်လိုင်းလမ်းကြောင်းများမှတစ်ဆင့် ဖြန့်ဝေနေသည့်အပြင် ၉၆၉ နှင့် အမျိုး၊ ဘာသာ၊ သာသနာ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ (မဘသ) ကဲ့သို့သော အစွန်းရောက် အမျိုးသားရေးအဖွဲ့များသည် အမုန်းတရားနှင့် ဆက်စပ်နေသည့် သတင်းစကားများကို ပိုမို အစဉ် အလာကျသည့် အွန်လိုင်းမဟုတ်သော အခြားနည်းလမ်းများကို အသုံးပြု၍ ဖြန့်ဝေထားကြသည်။ ထိုကဲ့သို့ "အွန်လိုင်း မဟုတ်သော နည်းလမ်းများဖြင့် အမုန်းတရားယဉ်ကျေးမှု" ကို အမျိုးသားရေး လူထုစုဝေးပွဲကြီးများတွင် လည်ကောင်း၊ DVD များ၊ စာအုပ်များ၊ ဂျာနယ်များ၊ လက်ကမ်းစာစောင်များနှင့် လော်စပီကာ တပ်ထားသော တွန်းလှည်းများကဲ့သို့သော အခြားသော မီဒီယာများမှ လည်း ကောင်း ဝါဒဖြန့်ချိကြသည်။

လူမျိုးစု၊ ဘာသာရေး လူနည်းစု အသိုင်းအဝိုင်းများနှင့် CSO များအပေါ် သက်ရောက်မှု

မြန်မာနိုင်ငံအတွင်း လူနည်းစုအသိုင်းအဝိုင်းများ၊ CSO များနှင့် တက်ကြွလှုပ်ရှားသူများအပေါ် အမုန်းစကားများနှင့် အစွန်းရောက် အမျိုးသားရေးဝါဒတို့၏ သက်ရောက်မှုမှာ အလွန်ပင် နက်ရှိုင်းလှသည်။ အထက်တွင် ဖော်ပြထားသော အမုန်းတရားဖြစ်စဉ်များသည် မယုံကြည်မှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေသည်။ ရန်လိုမှုရှိနေသော ဝန်းကျင်အခြေအနေသည် လူမျိုးစုနှင့် ဘာသာရေး လူနည်းစု အသိုင်းအဝိုင်းများကို ပိုမို၍ သီးခြားကန့်သတ်မှုများ ဖြစ်စေသည်။ မြန်မာအစိုးရအနေဖြင့် အစွန်းရောက် အမျိုးသားရေး အုပ်စုများက အမုန်းစကားများ ဆက်လက်ရှိနေရေး ဖန်တီးလုပ်ဆောင်မှုများအပေါ် တာဝန်ယူမှု တာဝန်ခံမှု ရှိလာစေရေး မလုပ်ဆောင်နိုင်ခြင်းမှာ ပြဿနာကို ပိုမိုကြီးထွားလာစေသည်။

အစွန်းရောက် အမျိုးသားရေးအုပ်စုများအနေဖြင့် အမုန်းတရားပါရှိသော ၎င်းတို့၏ သတင်းစကားများကို ဆက်လက် ဖြန့်ချိခွင့် ရရှိနေပြီး ထိုဖြန့်ချိကျူးလွန်မှုများသည် အပြစ်ပေး အရေးယူခံရခြင်းမရှိဘဲ လုပ်ဆောင်နေနိုင်ချိန်တွင် လူမျိုးစုနှင့် ဘာသာရေး

လူနည်းစုများကိုယ်စား ထုတ်ဖော်ပြောဆိုနေကြသည့် CSO များနှင့် HRD များသည် မြန်မာအစိုးရနှင့် အစိုးရမဟုတ်သောသူများ၏ ခြိမ်းခြောက်မှုများကို ရင်ဆိုင်နေကြရသည်။ ထို CSO များနှင့် HRD များက ၎င်းတို့အပေါ် ကန့်သတ်ချုပ်ချယ်မှုများ တိုးမြင့်လာခြင်း၊ CSO များ၏ နေရာကျဉ်းမြောင်းလာခြင်းနှင့် ၎င်းတို့၏အလုပ်များကို လုပ်ဆောင်ရန် ပိုမိုခက်ခဲလာစေသည့် အရေးယူဆောင်ရွက်မှုများရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ အခက်အခဲ အတားအဆီးများထဲတွင် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ ၎င်းတို့၏ လုံခြုံရေးပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် အစိုးရမှ စောင့်ကြည့်မှုများ ပါဝင်သည်။ ထို့အပြင် မြန်မာအစိုးရနှင့် စစ်တပ်တို့အပေါ် ဝေဖန်ထောက်ပြလေ့ရှိသော တက်ကြွလှုပ်ရှားသူများနှင့် HRD များအသံတိတ်သွားစေရန်အတွက် ရည်ရွယ်ပြဋ္ဌာန်းထားသော ဥပဒေများဖြင့် တရားစွဲခြင်းနှင့် ဖမ်းဆီးခြင်းများကို ခံကြရသည်။

တက်ကြွလှုပ်ရှားသူများ၊ သတင်းသမားများ၊ HRD များ၊ နိုင်ငံရေးသမားများနှင့် လူနည်းစု အသိုင်းအဝိုင်းများမှ ခေါင်းဆောင်အမျိုးသမီးများသည် လိင်ကွဲပြားမှုအပေါ် အခြေခံသော တိုက်ခိုက်မှုများကို ပိုမို ခံရနိုင်သည့် အန္တရာယ်များ ရှိနေသည်။ ဤတိုက်ခိုက်မှုများတွင် ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်စော်ကားမှု၊ ရိုင်းစိုင်းကြမ်းတမ်းသော လိင်မှုဘာသာစကားများ၊ ဂုဏ်သိက္ခာကျဆင်းစေရန် ဖန်တီးထားသော ရုပ်ပုံ၊ ဓာတ်ပုံများနှင့် ကွန်ပျူတာဖြင့် ပြုပြင်ဖန်တီးထားသော လိင်ပိုင်းဆိုင်ရာ ထိခိုက်စေနိုင်သည့် ရုပ်ပုံများကို အွန်လိုင်းတွင် တင်ခြင်းနှင့် ၎င်းတို့၏ သဘောတူညီချက်မပါဘဲ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို အွန်လိုင်းပေါ် တင်ခြင်းတို့ ပါဝင်သည်။ တစ်စုံလုံးအခြေအနေကို ခြုံငုံပြောရလျှင် CSO အသိုင်းအဝိုင်းမှ လှုပ်ရှားသူများအပေါ် ရန်လိုဆန့်ကျင်မှုများနှင့် ကန့်သတ်မှုများ တိုးများလာခြင်းသည် မျှော်လင့်ချက်မှေးမှိန်စေပြီး တက်ကြွလှုပ်ရှားမှုများကို အားနည်းလာစေပါသည်။ အကျိုးဆက်အားဖြင့် CSO များမှ ၎င်းတို့အနေဖြင့် မည်သည့်အကြောင်းအရာများ တင်ပြမည်၊ ဆွေးနွေးမည်ကို မိမိကိုယ် မိမိ ဆင်ဆာဖြတ်မှုများ လုပ်ဆောင်လာကြောင်း CSO များက ပြောကြသည်။

မြန်မာနိုင်ငံတွင် အမုန်းစကားများ ကိုင်တွယ်ဖြေရှင်းခြင်းနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အား ကာကွယ်ပေးခြင်းအပေါ် နိုင်ငံတကာ လူ့အခွင့်အရေး ရှုထောင့်မှ သုံးသပ်ခြင်း

မြန်မာနိုင်ငံအနေဖြင့် အမုန်းစကားများ တန်ပြန်တိုက်ဖျက်မှု နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် CSO များ၏ အခန်းကဏ္ဍအား ကာကွယ်ပေးခြင်းတို့ကို တစ်ပြိုင်တည်းလုပ်ဆောင်နိုင်သည့် လမ်းကြောင်းများကို နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံနှုန်းများက လမ်းညွှန်ချက်များ ပေးထားသည်။ အမုန်းစကားများကို တန်ပြန်တိုက်ဖျက်ရာတွင် သည်းခံနိုင်မှု မရှိခြင်း၏ အကြောင်းရင်းခံ ရေသောက်မြစ်များကို ကိုင်တွယ်ဆောင်ရွက်ရန် ဥပဒေလမ်းကြောင်း မဟုတ်သည့် နည်းလမ်းများနှင့်အတူ ရာဇဝတ်ကြောင်းအရ အရေးယူမှုများ၊ အရပ်ဘက်နှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ကုစားမှုများ အပါအဝင် ဘက်စုံ ထိုးဖောက်ချဉ်းကပ်နိုင်သည့် ပြည့်စုံခြုံငုံမှုရှိသော နည်းလမ်းများကို ဖော်ပြထားပါသည်။

ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု၊ အကြမ်းဖက်မှုများ သို့မဟုတ် လူမျိုးတုံးသတ်ဖြတ်မှုနှင့် ပတ်သက်သည့် သွေးထိုးလှုံ့ဆော်မှုများကို “ဥပဒေနှင့် ကိုက်ညီခြင်းမရှိသော ထုတ်ဖော်ပြောဆိုချက်များ” အဖြစ် လူ့အခွင့်အရေးမူဘောင်များတွင် ရှင်းရှင်းလင်းလင်း ဖော်ပြထားသော်လည်း “အမုန်းစကားများ” နှင့်ပတ်သက်၍မူ အားလုံးလက်ခံထားသည့် အဓိပ္ပာယ် ဖွင့်ဆိုချက် မရှိသေးပေ။ လူမျိုးတုံးသတ်ဖြတ်မှု ကာကွယ်တားဆီးရေးနှင့် အပြစ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်၏ အပိုဒ် ၃ (ဂ) တွင် “လူမျိုးတုံး သတ်ဖြတ်မှုကျူးလွန်ရန် တိုက်ရိုက်လူသိထင်ရှားသွေးထိုးလှုံ့ဆော်ခြင်း” ကို တားမြစ်ထားပြီး အမုန်းစကားများ၏ အလွန်အမင်း အစွန်းရောက်မှုပုံစံများကို ရာဇဝတ်မှုအဖြစ် သတ်မှတ် ထားသည်။ ဤသဘောတူစာချုပ်တွင် အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးထားသော မြန်မာနိုင်ငံသည် ယင်းကဲ့သို့သော အမုန်းစကား မျိုးကို တားမြစ်ရန်၊ လူမျိုးတုံးသတ်ဖြတ်မှုကို ကာကွယ်တားဆီးရန်နှင့် အပြစ်ပေးရန် တာဝန်ရှိသည်။

သို့သော်လည်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် အခြေခံ လူ့အခွင့်အရေးဖြစ်နေရာ ထုတ်ဖော်ပြောဆိုမှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ရာတွင် မြင့်မားသော စံသတ်မှတ်ချက် ပြည့်မီရန် လိုအပ်သည်။ ထုတ်ဖော်ပြောဆိုမှုတစ်ခုကို ရာဇဝတ်မှုအဖြစ် အမိန့်ထုတ်ပြန်နိုင်သည့် လှုံ့ဆော်မှုအဆင့်သို့ ရောက်ရှိမှု ရှိ၊ မရှိကို ခွဲခြားဆက်ဆံမှု၊ တိုက်ခိုက်မှု သို့မဟုတ် အကြမ်းဖက်မှုများကို ဖြစ်ပေါ်စေသည့် နိုင်ငံသား၊ လူမျိုးစု သို့မဟုတ် ဘာသာရေးအပေါ် အခြေခံသော အမုန်းတရားများ၊ စည်းရုံးလှုံ့ဆော်မှုများအား တားမြစ်သော Rabat လုပ်ဆောင်ချက်အစီအစဉ် (The Rabat Plan of Action on the Prohibition of Advocacy of National, Racial or Religious Hatred that Constitutes Incitement to Discrimination, Hostility or Violence) တွင် အကြောင်းအရာ (၆) ခုဖြင့် ဖော်ပြထားသည်။ ၎င်းတို့မှာ အခြေအနေ၊ ပြောဆိုသူ၊ ရည်ရွယ်ချက်၊ အကြောင်းအရာနှင့် ပုံစံ၊ ပြောဆိုမှုအတိုင်းအတာ၊

နှင့် ပစ်မှတ်ထားသည့် အုပ်စုအပေါ် ကျရောက်လာနိုင်သည့် လုပ်ဆောင်မှုများတို့ ဖြစ်သည်။ တစ်စုံတစ်ဦးသည် ဤအစီရင်ခံစာနှင့် အခြားတွင် ဖော်ပြထားသော သာဓကများကို သုံးသပ်ရာတွင် မြန်မာနိုင်ငံရှိ အမုန်းစကားများသည် အချိန်ကာလအလိုက် အပြင်းထန်ဆုံးသော ဖော်ပြပါ ပုံစံများဖြင့် ဖြစ်ပွားမှု ရှိ၊ မရှိကို ကြည့်ရှုသုံးသပ်ရန် လိုအပ်သည်။ အချို့သော အမုန်းစကားများသည် ရန်စရန်၊ အကြမ်းဖက်မှုလှုံ့ဆော်ရန်၊ ခွဲခြားဆက်ဆံရန်နှင့် လူမျိုးရေးနှင့် ဘာသာရေး လူနည်းစုအသိုင်းအဝိုင်း၏ လူအခွင့်အရေးကို ချိုးဖောက်ရန် မီးထိုးပေးသော အမုန်းတရားဖြစ်စေမည့် ဖန်တီးမှုများ လုပ်ဆောင်ထားခဲ့ခြင်းဖြစ်ပြီး ရိုဟင်ဂျာအရေးကိစ္စတွင် ယင်းသည် လူမျိုးတုံး သတ်ဖြတ်မှုဆိုင်ရာ အကြမ်းဖက်မှုနှင့် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ ကျူးလွန်စေခြင်းကို ဖြစ်လာစေခဲ့သည်။ ကံမကောင်းစွာပင် ထိုကဲ့သို့သော အမုန်းစကားများကို ဖြန့်ဝေသူဟု သိထားသည့် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ပြည်တွင်းတွင် တရားစွဲဆိုခဲ့ခြင်း မရှိပေ။ ထို့အပြင် မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေများကို HRD များနှင့် တက်ကြွလှုပ်ရှားသူများ၏ တရားဝင် ပြောဆိုချက်များအား ဆန့်ကျင်ရန်အတွက်လည်း လက်နက်အဖြစ် အသုံးပြုနေသည်။

လူအခွင့်အရေး စံချိန်စံနှုန်းများအရ တရားဝင် ထုတ်ဖော်ပြောဆိုမှု တစ်စုံတစ်ခုကို ကန့်သတ်မည်ဆိုပါက အောက်ပါ အခြေအနေ သုံးရပ်နှင့် ကိုက်ညီရန် လိုအပ်သည်။ ၎င်းတို့မှာ ၁) ဥပဒေနှင့် ညီညွတ်မှု၊ ၂) တရားဝင်ဖြစ်မှုနှင့် ၃) လူပုဂ္ဂိုလ် တစ်ဦးချင်းစီမှ ၎င်း၏ ထုတ်ဖော်ပြောဆိုခွင့်ကို တောင်းဆိုခြင်းအစား ကန့်သတ်မှုများ ချမှတ်ရေး ပြုလုပ်ရန် အစိုးရတွင် တာဝန်ရှိသည်ဆိုသည့် အပေါ် မှန်ကန်ကြောင်း သက်သေပြချက် အချိုးအဆတို့ ဖြစ်သည်။ တစ်စုံတစ်ဦး၏ လုပ်ဆောင်မှုသည် ကန့်သတ်မှုများကို ကျူးလွန်ကြောင်း သတ်မှတ်နိုင်ရန် ဥပဒေသည် လုံလောက်သော တိကျမှုရှိရမည်ဖြစ်သည်။ ဥပဒေသည် ပုံမှန်ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအတွင်း လုပ်ဆောင်နိုင်ရမည်ဖြစ်ပြီး အာဏာပိုင်များအား ၎င်းတို့၏ သီးခြားဆုံးဖြတ်ချက်အပေါ်တွင် အကန့်အသတ်မရှိ ပေးအပ်ထားခြင်းမျိုး မဖြစ်စေရပါ။ မြန်မာနိုင်ငံတွင်မူ ကျယ်ပြန့်၍ လက်လှမ်းမမီနိုင်သည့် ဥပဒေများ၊ ၎င်းတို့အပေါ် လွဲမှားစွာ အသုံးပြုခြင်း၊ လွတ်လပ်သော တရားစီရင်မှု လုံးဝမရှိခြင်းနှင့် အစိုးရအာဏာကို တလွဲသုံးခြင်းတို့ အားလုံးသည် အမျိုးမျိုးသော CSO များ၊ HRD များ၊ မီဒီယာနှင့် လူထုများအတွက် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေးကို ထိန်းချုပ်ထားသည်။ အစိုးရနှင့် အစိုးရမဟုတ်သောသူများက အမုန်းစကားများ ဖြန့်ဝေနေနိုင်ချိန်တွင် တက်ကြွလှုပ်ရှားသူများမှာ တရားရုံး မတိုင်မီ ရက်ရှည်ထိန်းသိမ်းမှုများ၊ အာမခံ မရဘဲ ရှည်ကြာအောင် လုပ်ထားသော တရားရုံး ကြားနာမှုများ၊ နှုန်းထားမြင့်မားသည့် ငွေဒဏ်ချမှတ်မှုများ၊ ဆန္ဒပြမှုတစ်ခုအတွက် မတူညီသော မြို့နယ်အများအပြားတွင် တရားစွဲဆိုခံရခြင်းနှင့် လက်ရှိ အမှုတစ်ခုနှင့် ဆန့်ကျင်လျက် ဆက်တိုက် ပြစ်ဒဏ်ချမှတ်ခြင်းတို့နှင့် ကြုံတွေ့နေကြရသည်။ မြန်မာနိုင်ငံအနေဖြင့် ယင်းကဲ့သို့သော အခွင့်အရေး ချိုးဖောက်မှုများနှင့် ဖြေရှင်းရန်လိုအပ်ပြီး တရားဝင်သော ထုတ်ဖော်ပြောဆိုမှု ကျင့်သုံးသူများကို ရာဇဝတ်မှု၊ အရပ်ဘက် သို့မဟုတ် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ပြစ်ဒဏ်ပေး အရေးယူနေခြင်းများကို ပြင်ဆင်ရန် လိုအပ်သည်။

စီးပွားရေးလုပ်ငန်းများနှင့် အမုန်းစကားများ

နိုင်ငံတကာဥပဒေနှင့် စံချိန်စံညွှန်းများအောက်တွင် မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းများနှင့် အမုန်းစကားများ အပါအဝင် ပြင်ပလူပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ ဘေးအန္တရာယ်မှ အရပ်သားများကို အကာအကွယ်ပေးရန်လည်း တာဝန်ရှိသည်။ သို့သော် မြန်မာနိုင်ငံသည် ထိုသို့လုပ်ဆောင်ခဲ့ခြင်း မရှိပါ။ သို့ရာတွင် မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းများကို ထိန်းကျောင်းရန် ပျက်ကွက်ခဲ့သော်လည်း စီးပွားရေးလုပ်ငန်းများသည် လူအခွင့်အရေး ချိုးဖောက်မှုများတွင် ပါဝင်ခြင်းမရှိစေရန် ၎င်းတို့ကိုယ်တိုင် အဆင့်ဆင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း လူအခွင့်အရေး စံချိန်စံနှုန်းများက ဖော်ပြထားသည်။ ထို့အပြင် လူမျိုးတုံးသတ်ဖြတ်မှုနှင့် အခြားသော ဆိုးရွားလှသည့် လူအခွင့်အရေး ချိုးဖောက်မှုများတွင် ကြံရာပါဖြစ်သော ကုမ္ပဏီများသည် ၎င်းတို့အနေဖြင့် ချိုးဖောက်မှုများတွင် ပါဝင်ခဲ့ပါက တချို့သော တရားစီရင်မှုများတွင် တာဝန်ခံရမည်ဖြစ်သည်။ နိုင်ငံတကာ လူအခွင့်အရေး အသိုင်းအဝိုင်းက မြန်မာနိုင်ငံရှိ လူအခွင့်အရေးချိုးဖောက်မှုများတွင် လူမှုမီဒီယာလုပ်ငန်းများ၏ ပူးပေါင်းပါဝင်မှု အခန်းကဏ္ဍကို မှတ်သားထားပြီးဖြစ်သည်။ ယင်းကိစ္စများနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ လွပ်လတ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေးမစ်ရှင် (Independent International Fact-Finding Mission on Myanmar) က Facebook နှင့် အခြားသော နိုင်ငံအတွင်း လူပ်ရှားနေသည့် စီးပွားရေး လုပ်ငန်းများအား ၎င်းတို့၏လုပ်ငန်းလုပ်ဆောင်မှုများတွင် အမုန်းစကားဖြစ်ပွားမှုကို တားဆီးရန် ပျက်ကွက်ခဲ့မှုအတွက် အကြံပြုတိုက်တွန်းချက်များကို ညွှန်ကြားထားပြီးဖြစ်သည်။

မြန်မာအကြောင်းအရာ သုံးသပ်သူများ တိုးမြှင့်ထားခြင်း၊ အမုန်းစကားစိစစ်ရှာဖွေမှုကို တက်ကြွစွာ ဆောင်ရွက်မှု တိုးမြှင့်ထားခြင်း၊ အကောင့်များ ကွန်ရက်ချိတ်ဆက်နေမှုအပေါ် ပိုမိုပြင်းထန်စွာ အရေးယူဆောင်ရွက်ခြင်းတို့ လုပ်ဆောင်နေကြောင်း Facebook က ဖော်ပြခဲ့သည်။ အမုန်းစကားနှင့်ပတ်သက်သည့် ယင်းအရေးယူ ဆောင်ရွက်မှုများ သက်ရောက်မှု ရှိသည်၊ မရှိသည်ကို အချိန်ကာသာ သက်သေပြနိုင်မည်ဖြစ်ပြီး အထူးသဖြင့် ၂၀၂၀ ရွေးကောက်ပွဲ မတိုင်မီတွင် နောက်ထပ်လှုံ့ဆော်မှုများနှင့် အော့ဖ်လိုင်း အကြမ်းဖက်မှုများ ပေါ်ထွက်လာနိုင်ခြေရှိသော အမှတ်အသားများကို ဖော်ပြထားသည်။ မည်သို့ပင်ဖြစ်စေ Facebook သည် စီးပွားရေးနှင့် လူအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်မူများကို အသုံးပြုပြီး လူအခွင့်အရေးကို ၎င်းတို့၏ လုပ်ငန်းအတွင်း ပေါင်းစပ်ထည့်သွင်းသင့်သည်။ ထို့နောက် အောက်ပါအချက်များကို အာမခံသင့်သည်။ ၁) လူအခွင့်အရေးအပေါ် ကုမ္ပဏီထုတ်ကုန်များ၏ သက်ရောက်မှုကို အချိန်မှန် သုံးသပ်ချက်လုပ်ဆောင်ရန်၊ ၂) လူအခွင့်အရေးနှင့်ဆန့်ကျင်သော သက်ရောက်မှုများကို ရှောင်ကြဉ်ရန်နှင့် ပေါ်ပေါက်လာသည်များကို ကာကွယ်တားဆီးရန်နှင့် လျော့ကျအောင် လုပ်ဆောင်ရန်၊ ၃) ဖော်ထုတ်ရန်၊ ကာကွယ်ရန်နှင့် လျော့ကျအောင် လုပ်ဆောင်သင့်သည့် လုပ်ငန်းစဉ်များကို လုပ်ဆောင်ရန်နှင့် ၎င်းတို့၏ လူအခွင့်အရေးအပေါ် သက်ရောက်မှုများကို မည်သို့ဖြေရှင်းသည်ဆိုသည်ကို တာဝန်ခံရန်နှင့် ထိခိုက်နစ်နာမှုများအတွက် ကုသမှုလုပ်ငန်းစဉ်တစ်ခု ထားရှိရန်တို့ ဖြစ်သည်။ Facebook အနေဖြင့် ရှေ့ဆက်သွားမည့်လမ်းကြောင်းတွင် CSO များ၊ HRD များ၊ အထူးသဖြင့် လူမျိုးစုနှင့် ဘာသာရေး လူနည်းစုများနှင့် တိုင်ပင်ဆွေးနွေးရန်၊ ပြည်တွင်း ဒစ်ဂျစ်တယ်အသိပညာပေးရေး ကြိုးပမ်းမှုများကို လုပ်ဆောင်ပေးရန်နှင့် လှုံ့ဆော်မှုများနှင့် ၎င်းတို့၏ လူမှုကွန်ရက်စံနှုန်း (Community Standards) များကို ချိုးဖောက်သော သုံးစွဲသူများအပေါ် လုံးဝ သည်းမခံကြောင်းကို လူသိရှင်ကြားပြောကြားရန် လိုအပ်သည်။

အကြံပြုတိုက်တွန်းချက်များ

မြန်မာနိုင်ငံရှိ ဒေသခံ CSO များသည် တစ်ခါတစ်ရံတွင် ကြီးမားသော အန္တရာယ်များနှင့် ကြုံတွေ့ရနိုင်ခြေများ ရှိသော်လည်း အမုန်းစကား မြင့်တက်လာမှုများနှင့် အစွန်းရောက် အမျိုးသားရေးဝါဒများကို စောင့်ကြည့်ရန်၊ မှတ်တမ်းတင်ရန်နှင့် ဆန့်ကျင်တုံ့ပြန်ရန် အဆင့်များကို လုပ်ဆောင်ထားပြီးဖြစ်သည်။ မြန်မာအစိုးရ၊ စစ်တပ်၊ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် လူမှုမီဒီယာကုမ္ပဏီများအနေဖြင့် ထိုကြိုးပမ်းမှုများကို ပံ့ပိုးပြီး အမုန်းစကားများကြောင့် နောက်ထပ် အကြမ်းဖက်မှုနှင့် နောင့်ယှက်မှုများ ဖြစ်ပေါ်မလာစေရန်အတွက် အာမခံရန်မှာ မရှိမဖြစ် အရေးကြီးပေသည်။ မြန်မာ့အရေးလေ့လာသူများအဖွဲ့ (BM) နှင့် ရှေ့ပြေးအသံအဖွဲ့ (PV) တို့ အပါအဝင် မြန်မာ CSO များနှင့် IHRC တို့သည် အောက်ပါအချက်များကို တောင်းဆိုလိုက်သည်။

မြန်မာအစိုးရသို့

- လူမျိုးစုနှင့် ဘာသာရေး လူနည်းစုများအပေါ် အကြမ်းဖက်မှုများဖြစ်စေရန် လှုံ့ဆော်သည့် အစိုးရနှင့် အစိုးရမဟုတ်သော ချိုးဖောက်ကျူးလွန်သူများကို အရေးယူရန်၊
- CSO များ၊ HRD များနှင့် မီဒီယာများ၏ ထုတ်ဖော်ပြောဆိုမှုများ အသံတိတ်သွားစေရန် ဥပဒေများ ရွေးချယ်ကျင့်သုံးခြင်းကို အဆုံးသတ်ရန်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ရာဇဝတ်မှုမြောက်စေရန် ရေးဆွဲထားသော မြန်မာနိုင်ငံ၏ ဥပဒေများအောက်တွင် အပြစ်ရှိကြောင်း ဆုံးဖြတ်ခံထားရသည့် HRD များ၊ တက်ကြွလှုပ်ရှားသူများ၊ သတင်းသမားများ၊ ကျောင်းသားများနှင့် နိုင်ငံရေးအကျဉ်းသားများအပေါ်ပြစ်ဒဏ်များအားလုံးကို ရုပ်သိမ်း၍ လွှတ်ပေးရန်၊
- လက်ရှိအစိုးရဦးစီးသော လူမှုကွန်ရက်စောင့်ကြည့်ရေးအဖွဲ့ကို ဖျက်သိမ်းပြီး အစိုးရမှ မဟုတ်သော အရပ်ဘက်လူထုအဖွဲ့အစည်းများမှ လှုပ်ရှားသူများဖြင့် ပါဝင်ဖွဲ့စည်းသော လွတ်လပ်သည့် စောင့်ကြည့်ရေးအဖွဲ့တစ်ခု ထူထောင်ကာ အမုန်းစကားများကို တိုက်ဖျက်ရန်နှင့် တစ်ချိန်တည်းတွင် ထိုက်သင့်ဆီလျော်သော အွန်လိုင်း ထုတ်ဖော်ပြောဆိုမှုများနှင့် ပုဂ္ဂိုလ်ရေး ဆိုင်ရာ အခွင့်အရေးများကို ထိန်းသိမ်းပေးရန် သာမက စောင့်ကြည့်ရေး လုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရန်အတွက် အများပြည်သူ လက်လှမ်းမှီသည့် အနေအထားကို ခွင့်ပြုထားရန်၊

- အမုန်းစကားများ သို့မဟုတ် ဖြန့်ဝေမှုတွင် ပါဝင်အားဖြည့်နိုင်သော စီးပွားရေးလုပ်ငန်းကြီးများအား ထိန်းချုပ်ရန်၊
- ပညာရေး၊ ယဉ်ကျေးမှုဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများ၊ အမုန်းတရား၏ အဖြစ်အပျက်များအား ရှုတ်ချခြင်းနှင့် ကောင်းမွန်သော မီဒီယာပတ်ဝန်းကျင်များ ဖန်တီးရေးအပါအဝင် အမုန်းစကားများအား တိုက်ဖျက်ရေးအတွက် Rabat အစီအစဉ်ကဲ့သို့သော လူအခွင့်အရေးမူဘောင်များနှင့် ကိုက်ညီသော မူဝါဒများ ပေါ်ပေါက်လာစေရေးအတွက် မြှင့်တင်ပေးရန်နှင့် ပံ့ပိုးပေးရန်၊
- အမျိုးမျိုးသော အပြည်ပြည်ဆိုင်ရာ တာဝန်ယူမှု တာဝန်ခံမှုယန္တရားများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန်၊ နှင့်
- လူမျိုးစုနှင့် ဘာသာရေးလူနည်းစုများအား ကာကွယ်စောင့်ရှောက်ပေးရန်နှင့် ပြင်းထန်သော လူအခွင့်အရေး ချိုးဖောက်မှုများနှင့် ရက်စက်ယုတ်မာမှုများကို အဆုံးသတ်ရန်။

ဥပဒေပြုပြင်ပြောင်းလဲမှုများ

- ဆက်သွယ်ရေးဥပဒေ၊ သတင်းမီဒီယာဥပဒေ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဥပဒေ၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးအချက်အလက်နှင့် လုံခြုံရေးအား ကာကွယ်သည့်ဥပဒေ၊ နှင့် မြန်မာနိုင်ငံ လျှို့ဝှက်ချက်အက်ဥပဒေနှင့် ရာဇသတ်ကြီး ဥပဒေများအပါအဝင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ထားသော ဥပဒေများကို လူအခွင့်အရေး စံချိန်စံနှုန်းများနှင့်အညီ ပြင်ဆင်ရန် သို့မဟုတ် အသစ်ရေးဆွဲရန်၊ အထူးသဖြင့်
    - ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) နှင့် ၆၈ (က)
    - ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉ နှင့် ၂၀
    - ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၂၄ (က)၊ ၂၉၅ (က)၊ ၄၉၉၊ ၅၀၀ နှင့် ၅၀၅၊ နှင့်
    - အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ ပုဒ်မ ၃၃ နှင့် ၃၄ (ဃ)
- လူမျိုးစုနှင့် ဘာသာရေး လူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်မြှင့်တင်ရန်အတွက် ခွဲခြားဆက်ဆံမှုများကို ဆန့်ကျင်သော ဥပဒေများ ပြဋ္ဌာန်းရန်၊
- အမုန်းစကားများဆိုင်ရာဥပဒေကြမ်းကို ပြန်လည်ရေးဆွဲရာတွင် အရပ်ဘက်လူထုအဖွဲ့အစည်းများနှင့် တိုင်ပင် ဆွေးနွေးပြီး ထွက်ပေါ်လာမည့် ဥပဒေသည် ပွင့်လင်းမြင်သာ၍ နိုင်ငံတကာအဆင့်အတန်းများနှင့်လည်း ကိုက်ညီကာ အမုန်းစကားများကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင်လည်း ပိုမိုကျယ်ပြန့်သည့် ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး ဥပဒေမူဘောင်၏ အစိတ်အပိုင်းအဖြစ် သေချာစေရေး လုပ်ဆောင်ရန်၊ နှင့်
- လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်သော တရားစီရင်ရေး သို့မဟုတ် တရားစီရင်ရေးသဘော သက်ရောက်သည့် ဆုံးဖြတ်ချက်များအား စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသူ လွတ်လပ်သည့် တရားသူကြီးများကသာ ဆုံးဖြတ်ခြင်းအား သေချာစေရန်၊ ထို့သို့ လုပ်ဆောင်ရာတွင် မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေး အားနည်းချက်များကြောင့် နိုင်ငံတကာမှ ကျွမ်းကျင်သူများ၏ အကူအညီ လိုအပ်ပါက အစိုးရအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းထံမှ အကူအညီကို ဖိတ်ခေါ်ရန်။

၂၀၂၀ ရွေးကောက်ပွဲကို ဦးတည်သည့် အမုန်းစကားများကို ဆန့်ကျင်တုံ့ပြန်ခြင်း

- နိုင်ငံရေးပါတီများအားလုံးမှ အွန်လိုင်းနှင့် အော့ဖ်လိုင်း မှတစ်ဆင့် အမုန်းစကားများနှင့် သတင်းအမှားများ ဖြန့်ဝေနေမှုအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ တားမြစ်ရေး သေချာစေရန်၊
- မိန့်ခွန်းများ၊ ကြွေးကြော်သံများ၊ ထုတ်ပြန်ကြေညာချက်များနှင့် လက်ကမ်းစာစောင်များ အပါအဝင် ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုများ ဖြစ်ပေါ်စေရန် လှုံ့ဆော်သည့် ကမ်ပိန်းအကြောင်းအရာများအပေါ် လုံးဝ သည်းမခံသော မူဝါဒများကို ချမှတ်ရန်၊ နှင့်

- အမုန်းစကားများကို စောင့်ကြည့်လေ့လာရန်နှင့် လူမျိုးစုနှင့် ဘာသာရေး လူနည်းစုများကို ပစ်မှတ်ထားသည့် ဖြစ်နိုင်ခြေရှိသော ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုများအတွက် ကြိုတင်သတိပေးနိုင်သောစနစ်ကို တည်ထောင်ရန်။

မြန်မာစစ်တပ်သို့

- မြန်မာအစိုးရသို့ ပေးထားသော အထက်ပါ အကြံပြုတိုက်တွန်းချက်များကို လေးစားလိုက်နာရန်၊
- ခွဲခြားဆက်ဆံမှု၊ ရက်စက်ယုတ်မာမှု၊ အကြမ်းဖက်မှုနှင့် လူမျိုးတုံးသတ်ဖြတ်မှုများ ဖြစ်ပေါ်စေရန် သွေးထိုးလှုံ့ဆော်မှုများ အပါအဝင် အမုန်းစကား၏ အဖြစ်အပျက်များတွင် ပါဝင်သော မည်သည့် စစ်မှုထမ်းကိုမဆို လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ပြီးဆုံးသည့်အထိ တာဝန်မှ ချက်ခြင်း ရပ်နားစေရန်၊ နှင့် စုံစမ်းစစ်ဆေးမှုများအားလုံးတွင် ပူးပေါင်းဆောင်ရွက်ရန်အပြင် ထွက်ရှိလာသော ရလဒ်များကို ပံ့ပိုး ဖော်ဆောင်ရန်၊
- လူမျိုးစုနှင့် ဘာသာရေး လူနည်းစုများအား ပစ်မှတ်ထားပြီး လက်နက်ကိုင်ပဋိပက္ခကို မြှင့်တင်နေသည့် အမုန်းစကားများ ဖြန့်ဝေနေခြင်း လုပ်ဆောင်မှုများကို ရပ်တန့်ရန်၊
- လူမျိုးစုနှင့် ဘာသာရေး လူနည်းစုများအပေါ် စစ်ဆင်ရေးများ ရပ်တန့်ရန်နှင့် ဆိုးရွားလှသော လူအခွင့်အရေးချိုးဖောက်မှုများနှင့် ရက်စက်ယုတ်မာမှုများကို အဆုံးသတ်ရန်၊ နှင့်
- အမုန်းတရား ဇာတ်ကြောင်းများ၊ အာဘော်များကို ဖြန့်ဝေနေသည့် အစွန်းရောက် အမျိုးသားရေးဝါဒီ အုပ်စုများအား ပံ့ပိုးခြင်း သို့မဟုတ် ထောက်ခံခြင်းမှ ရပ်တန့်ရန်။

အရပ်ဘက်လူထုအဖွဲ့အစည်းများသို့

- အစိုးရနှင့် အစိုးရမဟုတ်သောသူများမှ လုပ်ဆောင်နေသည့် အမုန်းစကားများကို စောင့်ကြည့်ရန်နှင့် ဆန့်ကျင်တုံ့ပြန်ရန်၊
- အမုန်းစကားများကို တိုက်ဖျက်ရာတွင် ဆိုးကျိုးများဖြစ်ပေါ်စေသည့် ဇာတ်ကြောင်းများ၊ တွန်းအားများနှင့် အကြောင်းရင်းများ၊ အမုန်းစကားများ မည်ကဲ့သို့ ဖြန့်ဖြူးထားခြင်းနှင့် လူမျိုးစုနှင့် ဘာသာရေး လူနည်းစုအသိုင်းအဝိုင်းများနှင့် လူမှုအသိုင်းအဝိုင်းတစ်စုံလုံးအပေါ် မည်သို့ သက်ရောက်မှုများ ရှိနေသည်ကို မီးမောင်းထိုးပြခြင်းဖြင့် အမုန်းစကားများ တိုက်ဖျက်ရန်အတွက် ပြည်သူလူထုအား အသိပညာပေးရန်၊ နှင့်
- မြန်မာနိုင်ငံရှိ အမုန်းစကားများ သက်ရောက်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲများနှင့် သင်တန်းများ ပြုလုပ်ရန်နှင့် သည်းခံခြင်းနှင့် အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်းကို မြှင့်တင်သည့် ကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးရန်။

နိုင်ငံတကာအသိုင်းအဝိုင်းသို့

- အထက်တွင်ပေးထားသော အကြံပြုတိုက်တွန်းချက်များကို မြန်မာအစိုးရနှင့် မြန်မာစစ်တပ်တို့မှ လက်ခံလာရေးနှင့် အကောင်အထည် ဖော်ဆောင်ရေးအတွက် တိုက်တွန်းတောင်းဆိုရန်၊
- အမုန်းစကားနှင့် အစွန်းရောက် အမျိုးသားရေးဝါဒ တိုးမြင့်လာမှုကို စောင့်ကြည့်လေ့လာ၊ တိုက်ဖျက်နေသော ဒေသခံ CSO များနှင့် HRD များကို ပံ့ပိုးရန်၊
- ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင်၏ ၂၀၁၈ ခုနှစ် နှင့် ၂၀၁၉ ခုနှစ် အစီရင်ခံစာများတွင်ပါရှိသော အကြံပြုတိုက်တွန်းချက်များကို အကောင်အထည် ဖော်ဆောင်ရန်၊ နှင့်

- ကြီးမားကျယ်ပြန့်သော လူအခွင့်အရေး ချိုးဖောက်မှုများနှင့် ရက်စက်ယုတ်မာမှုများအပေါ် တာဝန်ယူမှု တာဝန်ခံမှု ရှိလာစေရေးအတွက် အပြည်ပြည်ဆိုင်ရာ တရားရုံးနှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး အပါအဝင် နိုင်ငံတကာ၏ ကြိုးပမ်းနေမှုများကို ထောက်ခံပံ့ပိုးရန်။

မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်နေသော လူမှုမီဒီယာများ၊ ဆက်သွယ်ရေး ကုမ္ပဏီများနှင့် အခြားစီးပွားရေးလုပ်ငန်းများသို့

- မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများသည် ဆိုးရွားသော လူအခွင့်အရေး သက်ရောက်မှုများကို ရှောင်ကြဉ်ရန်၊ လျော့ချရန်နှင့် ကိုင်တွယ်ဖြေရှင်းရာတွင် စီးပွားရေးနှင့် လူအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ၏ လမ်းညွှန်မူများ အပါအဝင် လူအခွင့်အရေး စံချိန်စံနှုန်းများကို လိုက်နာကျင့်သုံးရေး သေချာစွာ လုပ်ဆောင်ရန်၊
- စီးပွားရေးလုပ်ငန်း/ထုတ်ကုန်များသည် အမုန်းစကား သို့မဟုတ် အကြမ်းဖက်မှု လှုံ့ဆော်ခြင်းများအား ပံ့ပိုးမှု မရှိစေရေး အတွက် ဂရုတစိုက်လုပ်ဆောင်ရန်၊
- မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်နေခြင်းကြောင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောအားဖြင့် ဖြစ်ပေါ်လာသည့် ဆိုးရွားသော လူအခွင့်အရေး သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားရန်နှင့် ကျရောက်လာနိုင်သည့် အန္တရာယ်များကို လျော့ချရန်အတွက် လိုအပ်သော ခြေလှမ်းများ လုပ်ဆောင်ရန်၊ အကယ်၍ လုပ်ငန်းလည်ပတ်မှုများသည် လူအခွင့်အရေး ကာကွယ်ပေးခြင်းကို လုံလောက်စွာ ဆောင်ရွက်နိုင်ခြင်းမရှိပါက ပိုမို ဆိုးရွားသော သက်ရောက်မှုများ မဖြစ်ပေါ်စေရန်နှင့် ချိုးဖောက်မှုများတွင်ပါဝင်ခြင်းမှ ရှောင်ကြဉ်နိုင်ရေး သေချာစေရန်အတွက် လုပ်ငန်းလည်ပတ်မှုများကို မြန်မာနိုင်ငံမှ ရုပ်သိမ်းရန်၊
- အကြမ်းဖက်မှုကို ဖြစ်ပွားစေရန် လှုံ့ဆော်မှုနှင့် တောင်းဆိုမှုများပါသော ဖော်ပြချက်များအား နိုင်ငံတကာဥပဒေများ၊ စံချိန်စံနှုန်းများနှင့်အညီ လွတ်လွတ်လပ်လပ်နှင့် တင်းတင်းကျပ်ကျပ် စောင့်ကြည့်ရန် နှင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား (Independent Investigative Mechanism for Myanmar)၊ အပြည်ပြည်ဆိုင်ရာ တရားရုံးနှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး အပါအဝင် ပြည်တွင်းနှင့် နိုင်ငံတကာ တာဝန်ယူမှု တာဝန်ခံမှု ယန္တရားများတွင် ဖြစ်ရပ်အလိုက် အသုံးပြုနိုင်ရန်အတွက် ထိုအကြောင်းအရာများ၏ ဒစ်ဂျစ်တယ် မိတ္တူများကို ထိန်းသိမ်းထားရန်၊
- မြန်မာနိုင်ငံရှိ အသုံးပြုသူများကို ဒစ်ဂျစ်တယ်ဆိုင်ရာ အသိပညာသင်တန်းများပေးရန်နှင့် အထူးသဖြင့် လူအခွင့်အရေး ကာကွယ်ရေးအတွက် စည်းရုံးလှုံ့ဆော်နေသော၊ အမုန်းစကားလမ်းကြောင်းသစ်များကို ထိရောက်စွာ ဆန့်ကျင်တုံ့ပြန်နိုင်ရန် အတွက် အမုန်းစကားများကို စောင့်ကြည့်လေ့လာသော ဒေသခံ CSO များ၊ HRD များနှင့် ဆွေးနွေးညှိနှိုင်းအကြံဉာဏ်ရယူရန်၊
- အကြမ်းဖက်မှုများနှင့် အမုန်းစကားများ လျော့ချရန် ရည်ရွယ်သော CSO များ၏ ကြိုးပမ်းချက်များကို ကူညီထောက်ပံ့ပေးရန်၊
- ကုမ္ပဏီ၏ မူဝါဒများနှင့် စံချိန်စံနှုန်းများကို ဒေသခံ ဘာသာစကားများဖြင့် ဖတ်ရလွယ်ကူသော ပုံစံများ နှင့်/သို့မဟုတ် ဗွီဒီယို အတိုများ ထုတ်ဝေရန်၊
- ဖယ်ရှားထားသော အကြောင်းအရာများနှင့် မြန်မာဘာသာဖြင့် အွန်လိုင်းပေါ်တွင် အမုန်းစကားများ၏ ဖြန့်ဝေမှုလမ်းကြောင်း ပုံစံများကို မြန်မာနိုင်ငံဆိုင်ရာ သီးသန့်အချက်အလက်ထားရှိပြီး အများပြည်သူ သိရှိစေရန် ပုံမှန် ထုတ်ပြန်ပေးခြင်း အပါအဝင် အွန်လိုင်းပေါ်မှ အကြောင်းအရာကို ဖြုတ်ချရန် မည်သို့ သတ်မှတ်သည့်အပေါ် ပွင့်လင်းမြင်သာမှုရှိစွာ လုပ်ဆောင်ရန်၊ နှင့်
- အမုန်းစကားများကို နားလည်ပြီး လူမျိုးစုနှင့် ဘာသာရေးလူနည်းစုများအား ကာကွယ်ပေးရန် ဆန္ဒရှိသော မြန်မာစာနှင့် တခြားလူမျိုးစု ဘာသာစကား တတ်ကျွမ်းနားလည်သူများကိုသာ အကြောင်းအရာ ထိန်းကွပ်သူများအဖြစ် ရွေးချယ်ခန့်အပ်ရန်။



ဆက်သွယ်ရန်

Progressive Voice

info@progressive-voice.org
www.progressivevoicemyanmar.org

Burma Monitor

bcmg.burma.org@gmail.com

International Human Rights Clinic at Harvard Law School

hrp@law.harvard.edu
https://hrp.law.harvard.edu